တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၇။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၀**

| | | |
|---|---|---|
| AmaLgamated Telecom Management Co, Ltd (၎င်း၏ကိုယ်စား Mr,Raymond Bomman) | နှင့် | ၁။ Pan Asia Majestic Eagle Ltd<br>၂။ နိုယွန်ဝဒ်ကွန်မြူနီကေးရှင်း(မြန်မာ)ကုမ္ပဏီ လီမိတက်<br>၃။ မစ္စအင်နီဆိုဖီ |
| **တရားလို** | | **တရားပြိုင်များ** |

| | | |
|---|---|---|
| တရားလိုအတွက် | - | ဦးနေလ၊ တရားလွှတ်တော်ရှေ့နေ |
| တရားပြိုင်၁နှင့် ၂အတွက် | - | ဦးကျော်ကျော်မျိုး၊ တရားလွှတ်တော်ရှေ့နေ |
| တရားပြိုင်၃ အတွက် | - | မလာ |

**အ မိန့်**

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၇ ရက်

တရားလိုကတရားပြိုင်များအပေါ် စွဲဆိုသော ကုန်ပစ္စည်းဒီဇိုင်းမူပိုင်ခွင့် ချိုးဖောက်ခံရခြင်းအတွက် အထွေထွေနစ်နာကြေးတောင်းဆိုမှုနှင့် အမြဲတန်းတားဝရမ်း ထုတ်ဆင့်ပေးစေလိုမှုတွင် တရားပြိုင်ဘက်မှ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၁၀(က) အရ အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူရန်လျှောက်ထားသဖြင့် နှစ်ဖက်လျှောက်လဲချက်ကြားနာပြီး အမိန့်ချမှတ်ရန်ဖြစ်သည်။

တရားပြိုင်ဘက်မှတင်ပြရာတွင် ယခုအမှုသည် တရားလိုနှင့် အမှတ် ၁ တရားပြိုင်တို့ချုပ်ဆိုခဲ့သော ၁၇-၂-၂၀၁၅ ရက်စွဲပါနှစ်ဦးသဘောတူ ကတိစာချုပ်ရှိ နှစ်ဦးသဘောတူဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများအပေါ်တွင် အစပြု၍တရားလိုမှ အမှတ် ၁ တရားပြိုင်အပေါ် တရားစွဲဆိုခဲ့ခြင်းမှာ ဆိုလွှာအရ ထင်ရှားမြင်သာကြောင်း၊ တရားလိုဘက်မှ ၁၇-၂-၂၀၁၅ ရက်စွဲပါ Master Agreement နှစ်ဦးသဘောတူ ကတိစာချုပ်ကို တရားလိုမှချုပ်ဆိုခဲ့ခြင်းမဟုတ်ဟု အငြင်းပွားမှုမရှိကြောင်း၊ အမှတ် ၁ တရားပြိုင်က တင်ပြသောစာချုပ်ကို နိုင်ငံတကာပွလစ်မြန်မာဘာသာပြန်ရာတွင် ဖော်ပြထားသော အကြောင်းအရာများကိုလည်း ကန့်ကွက်ခြင်းမရှိကြောင်း၊ တရားလိုနှင့်အမှတ် ၁ တရားပြိုင်တို့ချုပ်ဆိုသော နှစ်ဦးသဘောတူစာချုပ်၏ Article-13တွင် တရားလိုက လုပ်ဆောင်ပေးသည့် ပစ္စည်းအားလုံးနှင့် ပစ္စည်းများ၏ပုံများ ဉာဏဆိုင်ရာပစ္စည်းများသည် အမှတ် ၁ တရားပြိုင်၏ပစ္စည်းများဖြစ်လာသည်ဟု အတိအလင်းသဘောတူထားကြောင်း၊သဘောတူစာချုပ်၏ Article-20 တွင်စာချုပ်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍တရားလိုနှင့်အမှတ် ၁ တရားပြိုင်တို့အကြား အငြင်းပွားမှုဖြစ်ပေါ်လာပါက ပထမဆုံးအနေဖြင့် တည်ငြိမ်စွာ ညှိနှိုင်းမှုနည်းလမ်းဖြင့် ဖြေရှင်းရမည်။ ထိုသို့ညှိနှိုင်းဖြေရှင်းခြင်းဖြင့် အဆင်ပြေမှုမရှိပါက The Rules of the Singapore International Arbitration Centre (SIAC) စည်းကမ်းချက်များကို လိုက်နာ၍ အနုညာတခုံသမာဓိဖြေရှင်းမှုဖြင့် ဖြေရှင်းရမည်ဟု အတိအလင်းဖော်ပြထားကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၁၀ (က) တွင် အနုညာတသဘောတူညီချက်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားရုံး၌ တရားစွဲဆိုထားသည့်အခါ အငြင်းပွားသူတစ်ဦးဦးကအငြင်းပွားသည့် အဓိကအကြောင်းအရာနှင့် စပ်လျဉ်း

၍ဖော်ပြရေးသားတင်ပြချက် တစ်စုံတစ်ရာ စတင်တင်သွင်းသည့်အချိန်ထက် နောက်မကျစေဘဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ခံယူစေရေးအတွက် လွှဲအပ်ရန် တရားရုံးသို့လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် တရားရုံးသည် အနုညာစာသဘောတူညီချက်ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း တွေ့ရှိပါက အငြင်းပွားသူများကို အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရန်လွှဲအပ်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဖြေရှင်းရန် ရုံးတော်မှ လွှဲအပ်ညွှန်ကြားချက်ပေးသည့်အမိန့်ချမှတ်ပေးပါရန် ဖော်ပြလျှောက်ထားသည်။

တရားလိုဘက်မှ တင်ပြရာတွင် အမှတ် ၁ တရားပြိုင်သည် ၁၇-၂-၂၀၁၅ ရက်စွဲပါ Master Agreement for Site Investigation , Site Acquisition, Civil Mechanical And Electrical Works and Other Tower - Related Services စာချုပ်မူရင်းနှင့် စာချုပ်တစ်ခုလုံး၏ Notary Public မြန်မာဘာသာပြန်တို့ကို တင်ပြလျှောက်ထားရန်လိုအပ်ကြောင်း၊ ယခုမှု ၎င်းတို့လိုရာဆွဲသည့်စာချုပ်ကောက်နှုတ်ချက်ကိုသာ တင်ပြလျှောက်ထားခြင်းသည် ဥပဒေနှင့်မညီညွတ်သည့်ပြင် သဘောရိုးဖြင့် လျှောက်ထားခြင်းမဟုတ်ကြောင်း၊ ၁၇-၂-၂၀၁၅ ရက်စွဲပါစာချုပ်သည် ဆိုလွှာအပိုဒ် ၁၂ နှင့် ၃ တို့ပါ RF Brackets ထုတ်လုပ်ရောင်းချခြင်းနှင့်လုံးဝသက်ဆိုင်ခြင်း မရှိကြောင်း၊ ထို့အတူ ယင်းစာချုပ်သည် ယခုအမှုပါ တရားစွဲဆိုရန်အကြောင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရလျှောက်ထားခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း၊ ယခုစွဲဆိုမှုသည် ကုန်ပစ္စည်းဒီဇိုင်းမူပိုင်ခွင့်ချိုးဖောက်သူများအပေါ် စွဲဆိုမှုဖြစ်ကြောင်း၊ ထို့ကြောင့် အမှတ် ၂ နှင့် ၃ တရားပြိုင်တို့သည် ယခုအမှုကို ရင်ဆိုင်ရန်လိုအပ်ကြောင်း၊ စာချုပ်အပြည့်အစုံတင်ပြလျှင် ယခုအမှုနှင့်သက်ဆိုင်ခြင်းမရှိသည့်အချက်များကိုပေါ်လွင်စေမည်ဖြစ်ကြောင်း၊ မပြည့်မစုံတင်ပြမှုသည် တရားပြိုင်များဘက်မှ အားနည်းပျက်ကွက်မှုဖြစ်ကြောင်း၊ အမှတ် ၁ တရားပြိုင်၏လျှောက်ထားမှုတစ်ခုတည်းအပေါ်အခြေခံ၍ အနုညာတစီရင်ပိုင်ခွင့်အရ အဆုံးအဖြတ်ခံယူရန်မသင့်ကြောင်း၊ အမှတ် ၁ တရားပြိုင်ကုမ္ပဏီတစ်ခုတည်းနှင့်သာ သက်ဆိုင်သောကိစ္စမဟုတ်ကြောင်း၊ သို့ဖြစ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ၁၀ (က) အရလျှောက်ထားမှုကို ပလပ်သင့်ကြောင်း ဖော်ပြလျှောက်ထားသည်။

အမှုတွဲပါ အဆိုလွှာဖော်ပြချက်များအရ တရားလိုသည် အမှတ် ၁ တရားပြိုင် ကုမ္ပဏီအပြင် Neonworx Comunications (Myanmar)Co, Ltdနှင့် Ms.Annne Sophie တို့အပေါ်တွင်ပါ အထွေထွေနစ်နာကြေးနှင့် အမြဲတန်းတားဝရမ်းထုတ်ဆင့်ပေးစေလိုကြောင်း စွဲဆိုထားသည်ကိုတွေ့ရသည်။ တရားပြိုင်ဘက်မှတင်ပြသော ရုံးတော်၏စီရင်ပိုင်ခွင့်ကို ကန့်ကွက်ချက်နှင့်အတူ ပူးတွဲတင်ပြသည့် ၁၇-၂-၂၀၁၄ ရက်စွဲပါသဘောတူစာချုပ်အရ လက်မှတ်ရေးထိုးသော စာချုပ်ဝင်တို့သည် တရားလိုနှင့် အမှတ် ၁ တရားပြိုင်တို့သာဖြစ်ပြီး အမှတ် ၂ နှင့် ၃ တရားပြိုင်တို့ ပါဝင်ခြင်းမရှိသည်ကိုတွေ့ရသည်။

သို့ဖြစ်ရာ အမှတ် ၁ တရားပြိုင်လျှောက်ထားသည့်အတိုင်း အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေအရ ဆောင်ရွက်လျှင် အမှတ် ၁ တရားပြိုင်တစ်ဦးအတွက်သာ ဖြေရှင်းဆောင်ရွက်ရာရောက်ပြီး ကျန်တရားပြိုင်များအပေါ်တွင် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ပေ။

တစ်ဖက်တွင် ၁၇-၂-၂၀၁၄ ရက်စွဲပါသဘောတူစာချုပ်၏ အပိုဒ် ၂၁ နှင့် ၂၂ တို့အရ အနုညာတစီရင်ခြင်းဖြင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များသည် စာချုပ်ဝင်များအကြား ပဋိညာဉ်စာချုပ်နှင့် ဆက်နွယ်၍ ပဋိညာဉ်စာချုပ်မှဖြစ်ပေါ်လာသော တောင်းဆိုမှုများ၊ အငြင်းပွားမှု သို့မဟုတ် စကားအချေအတင်ဖြစ်မှုတစ်ခုခုနှင့် အားလုံးတို့ဖြစ်သည်ကို တွေ့ရသည်။ ယခုအမှုမှတရားလိုစွဲဆို သောအမှုသည် တရားလိုနှင့်အမှတ် ၁ တရားပြိုင်တို့ လက်မှတ်ရေးထိုးသည့် ၁၇-၂-၂၀၁၄ ရက်စွဲပါ ပဋိညာဉ်နှင့် ဆက်နွယ်သော သို့မဟုတ် ပဋိညာဉ်စာချုပ်မှဖြစ်ပေါ်လာသော တောင်းဆိုမှု၊ အငြင်းပွားမှုနှင့် စကားအချေ

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အဖာင်ပြ[illegible]မှုမဟုတ်ဘဲ ပဋိညာဉ်၏ပြင်ပဖြစ်သော ကုန်ပစ္စည်းဒီဇိုင်းမူပိုင်ခွင့် ချိုးဖောက်ခြင်းဆိုင်ရာ နစ်နာကြေးရလိုမှုနှင့် အမြဲတန်းတားဝရမ်းထုတ်ဆင့်ပေးစေလိုမှုဖြစ်ပေသည်။

ထို့အကြောင်းများကြောင့် တရားလိုက တရားပြိုင်များအပေါ် တောင်းဆိုသောသက်သာခွင့်ကို အနုညာတစီရင်ဆုံးဖြတ်ခြင်း နည်းလမ်းအရ ဖြေရှင်းဆောင်ရွက်ခြင်းထက် တရားမရုံးတော်က စစ်ဆေးကြားနာဆုံးဖြတ်ခြင်းက နည်းလမ်းတကျဖြစ်ပြီး တရားမျှတမှုကို ရရှိစေနိုင်မည်ဖြစ်သည်ဟု သဘောရရှိသည်။

ထို့ကြောင့် အမှတ် ၁ တရားပြိုင်၏ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၁၀(က) အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လျှောက်လွှာကို ပလပ်သည်။

(အောင်နိုင်)
တရားသူကြီး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီး မှန်ကန်ကြောင်း
တာဝန်ယူသည်။

တခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်